# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 9, 2020 Volume 32, Number 7


## ၉.၆.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၉၆ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၅/- ကျပ် |
| CBM Rate | = ၁၄၀၁.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၂.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၉.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၆၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မူဆယ်နယ်စပ်ကုန်သွယ်ရေးကိစ္စ တရုတ်သံအမတ်ကြီးနှင့် စီးပွား/ကူးသန်းဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ပတ်သက်၍ မူဆယ်နယ်စပ် ကုန်သွယ်ရေးလျှင်မြန်စေရေးတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr Chen Hai နှင့် စီးပွား/ကူးသန်းဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးဒေါက်တာသန်းမြင့်တို့သည် ဇွန် ၈ ရက် နံနက် ၁၀ နာရီက ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။ မူဆယ်နယ်စပ် ကုန်သွယ်ရေးဂိတ်၌ တရုတ်နိုင်ငံဘက်မှ ကုန်စည်ကန့်သတ်စစ်ဆေးမှုများကြောင့် ယာဉ်ကြောပိတ်ဆို့ကာ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းများ အဆင်ပြေစေရန်နှင့် အခြားကုန်သွယ်ရေးဆိုင်ရာများ ညှိနှိုင်းကြသည်ဟုဆိုသည်။ “ကုန်စည်စီးဆင်းမှု ကြန့်ကြာမှုမရှိအောင် ရေထွက်ကုန်ပစ္စည်းများနဲ့ သစ်သီးဝလံတွေ အရည်အသွေး စစ်ဆေးတာတွေကို မြန်ဆန်အောင် ဆောင်ရွက်ပေးစေလိုပါတယ်။ တရုတ်နိုင်ငံဘက်ကိုတင်ပို့ရာမှာ စီစစ်ဆောင်ရွက်မှုတွေဖြေလျှော့ပေးပြီး နှစ်နိုင်ငံနယ်စပ် ကုန်စည်ပြပွဲတွေကိုလည်း အပြန်အလှန်ကျင်းပနိုင်ရေးကိစ္စတွေကို ညှိနှိုင်းခဲ့ကြတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၏ ဆွေးနွေးမှုသတင်းထုတ်ပြန်ချက်မှ သိရသည်။

လက်ရှိတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ ၁၂ ဘီး၊ ၂၂ ဘီးကုန်တင်ယာဉ်များမှာ နေ့စဉ်နီးပါးအစီးရေ ၅၀၀ ကျော် ပိတ်မိနေသဖြင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာမှုများရှိနေပြီး ကုန်တင်တန်ဆာခဈေးနှုန်းများလည်း ၂ ဆနီးပါး မြင့်တက်ခဲ့ခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက်တွင် သက်ရောက်မှုရှိနေသည်ဟု ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း(မူဆယ်)မှသိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက”ကုန်သွယ်ရေး

ကိန်းဂဏန်းများအရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဧပြီလတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ ဘက်တင်ပို့မှု ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး မူဆယ် ၁၀၅ မိုင်မှ ရွှေလီထိ ကုန်သွယ်ရေး လမ်းကြောင်းမှာ ကုန်စည်စီးဆင်းမှုမြန်ဆန်ဖို့ ကုန်မပါတဲ့ယာဉ်များရှင်းလင်းပြီး ကုန်ပါတဲ့ယာဉ်များကို ဦးစားပေးစေ လိုတယ်"ဟု ဆွေးနွေးခဲ့ကြောင်းသိရသည်။ ထို့ပြင် ရွှေလီ-မူဆယ်ဂိတ်၌ လုပ်ငန်းများလျင်မြန်ချောမွေ့စေရန် ည ၁၀ နာရီထိ ဖွင့်လှစ်ဆောင်ရွက်ရန်၊ နယ်စပ်ဂိတ်များ၌ တရုတ်နိုင်ငံယာဉ်မောင်းများ ကျန်းမာရေးထောက်ခံစာ(Health Certificate) ပါရှိ ပါက မြန်မာနိုင်ငံတွင်း ဝင်ရောက်ခွင့်ပြုပေးစေလိုကြောင်းနှင့် မူဆယ်-မန္တလေး ရထားလမ်းတည်ဆောက်ရေးအတွက် အမြန် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

"တရုတ်ဘက်ကို ဝင်နိုင်တာက တစ်ရက်ကို ၁၅၀ ကျော် ဝင်နိုင်တယ်။ မူဆယ်မှာ ကုန်ချတာကနည်းပါတယ်။ ကျယ်ဂေါင်နဲ့ ရွှေလီမှာများတယ်။ အတက်ကားက တစ်ရက် ၄၀၀ လောက်ရှိရင် ၁၅၀ လောက်ပဲဝင်နိုင်တော့ ၂၅၀ လောက်ကျန်နေရာက တဖြည်းဖြည်းများလာပြီး ယာဉ်တွေပိတ်မိတာများတယ်"ဟု ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က သုံးသပ်ပြောကြားသည်။ မန္တလေး-မူဆယ် ကုန်တင်ယာဉ်မောင်းချိန်မှာ တစ်ညအိပ်သာကြာသော်လည်း ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ မူဆယ်(မန့်ဝိန်းဂိတ်)သို့ ရောက်ရှိရန် ၁၀ ရက်ခန့် စောင့်ဆိုင်းတန်းစီနေရသဖြင့် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာနေရာ မြန်မာပြည်ဘက်သို့ တင်သွင်းမည့်ကုန်စည်များအတွက် တန်ဆာခ ၂ ဆခန့် ဈေးမြင့်တက်လာခဲ့သည်ဟု ဆိုသည်။

**Source:** https://myanmar.mmtimes.com/news/140055.html

## ဂျပန်နိုင်ငံ ၊ Ministry of Health, Labor and Welfare (MHLW) က မြန်မာနိုင်ငံမှ နှမ်းနှင့်နှမ်းအသုံးပြု ထုတ်ကုန် တင်သွင်းမှုအပေါ် စစ်ဆေးခြင်းနှင့်ပတ်သက်၍ အသိပေးကြေငြာခြင်း

ဂျပန်နိုင်ငံ ၊ Ministry of Health, Labor and Welfare (MHLW) မှ Imported Food Safety Office က မြန်မာနိုင်ငံမှ နှမ်းနှင့်နှမ်းအသုံးပြု ထုတ်ကုန်တင်သွင်းမှုအပေါ် စစ်ဆေးခြင်းနှင့်ပတ်သက်၍ အသိပေးကြေငြာချက်ထုတ်ပြန်ထားသည့် အကြောင်းကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာန ၊ အဖွဲ့အစည်းများထံ ပေးပို့အကြောင်းကြားပေးပါရန် မြန်မာသံရုံး (တိုကျိုမြို့)မှ သံအမတ်ကြီးထံ အဆိုပြုစာပေးပို့လာကြောင်း သိရှိရပါသည်။

MHLW အနေဖြင့် ဂျပန်နိုင်ငံ၏ စားသောက်ကုန်များတင်သွင်းမှု စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို နှစ်စဉ်ပြန်လည် သုံးသပ်လျှက်ရှိသည်နှင့်အညီ ယခု ၂၀၂၀ ပြည့်နှစ်အတွက်လည်း အစားအစာသန့်ရှင်းရေးအက်ဥပဒေ၏ အပိုဒ် ၂၆ ၊ အပိုဒ်ခွဲ ၃ အရ Aflatoxin ပါဝင်မှုစစ်ဆေးခြင်း အမိန့်အရ မြန်မာနိုင်ငံမှ တင်သွင်းသည့် နှမ်းနှင့်နှမ်းအသုံးပြု ထုတ်ကုန်များအပေါ် ယခင် ၂၀၁၉ ခုနှစ်က ကျင့်သုံးဆောင်ရွက်နေသည့် ပုံစံကိုဖျက်သိမ်း၍ ၂၀၂၀ ပြည့်နှစ် Imported Food Monitoring and Guidance Plan for FY -2020 အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် ၊ မေလ ၁၉ ရက်နေ့မှစတင်၍ ပိုမိုထိရောက်စွာ ၃၀% တိုးမြင့် စစ်ဆေးသွားမည်ဖြစ်ပါကြောင်း သိရပါသည်။

စစ်ဆေးမည့်ကုန်ပစ္စည်းများမှာ နှမ်းစေ့များ၊ နှမ်းနှင့်ထုတ်လုပ်သော အခြားစားသောက်ကုန်များ (နှမ်းစေ့ ၃၀ ရာခိုင်နှုန်း နှင့် အထက်ပါဝင်သော စားသောက်ကုန်များ) တွင် Aflatoxin ပါဝင်မှုနှုန်းကို စစ်ဆေးသွားမှာဖြစ်ပြီး နှမ်းစိုက်ပျိုးသောအခါ သန့်ရှင်းသည့်နှမ်း အမျိုးအစားဖြစ်စေရန်အတွက် မျိုးသန့်စင်ရေးကို ဆက်လက်ထိန်းသိမ်းပေးရန်လိုကြောင်းနှင့် ဂျပန်နိုင်ငံသို့ ဥပဒေနှင့်မညီဘဲ ချိုးဖောက်သည့်ပစ္စည်းများကို တင်ပို့မှုမရှိစေရန် လိုအပ်ကြောင်းသိရှိရပါသည်။

**Source: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး (တိုကျိုမြို့)**

## မြန်မာနိုင်ငံတွင် ပြောင်းကို နှစ်စဉ်ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ခဲ့ပြီး အာဆီယံဒေသတွင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံးတင်ပို့သောနိုင်ငံဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



မြန်မာနိုင်ငံတွင် ပြောင်းကို နှစ်စဉ်ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ခဲ့ပြီး အာဆီယံဒေသတွင်း နိုင်ငံပေါင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံး တင်ပို့သောနိုင်ငံဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်နေရာများမှ ထွက်ရှိသောပြောင်းကို တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိရာ ပြောင်းအဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစ၍ လျော့နည်းဝယ်ယူလာခြင်းကြောင့် ဈေးနှုန်းများဆက်တိုက်ကျဆင်းခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။

ဈေးကွက်နှင့် ပို့ကုန်အခြေအနေလိုအပ်ချက်ရှိသည့် သီးနှံများအား ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြောင်းကို ပြည်တွင်း အစာထုတ်လုပ်ငန်းများမှလည်း တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၅ သန်းအထိ သုံးစွဲကြောင်း၊ ကမ္ဘာ့ ပြောင်းထွက်ရှိမှု တန်ချိန်သန်း ၁၁၀၀ ကျော်ထွက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၃ သန်းခန့် ထွက်ရှိသည်ဟု စာရင်းအင်းများအရ သိရှိရကြောင်း၊ ပြည်ပပို့ကုန်အတွက် အလားအလာရှိသည့်အပြင် ပြည်တွင်းအစာစပ်လုပ်ငန်းများနှင့် ဝယ်လိုအားမြင့်တက်လာလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ လယ်ယာကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (GDP) အရ လယ်ယာကဏ္ဍတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍမှ ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါ င်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလျံ ရရှိရန် ခန့်မှန်းထားပြီး GDP တိုးတက်မှုနှုန်းကို ခုနစ်ရာခိုင်နှုန်း ရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေး တိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်။

လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင်အထွက်ကောင်း မျိုးစေ့အဆင့်ဆင့်ထုတ်လုပ်ရန်၊ ငါး၊ ပုစွန်တိုးချဲ့မွေးမြူနိုင်ရန်နှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ကို မျှော်မှန်းထားကြောင်း သိရသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၈-၂၀၁၉မှ ၂၀၂၂-၂၀၂၃ အထိ) ရေးဆွဲခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကဆိုသည်။

**Source:** https://news-eleven.com/article/177580

## ကိုဗစ်ကာလရပ်နားထားသည့် ကျောက်မျက်ရတနာအရောင်းအချောထည်ဈေးကွက် ပြန်ဖွင့်နိုင်ရေးပြင်ဆင်




ကိုဗစ်ကာလရပ်နားထားသည့် ကျောက်မျက်ရတနာအချောထည်ဈေးကွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ထံမှသိရသည်။ "ကိုဗစ်ကာလမဖြစ်ခင်မှာ ကျောက်အချောထည်ဈေးကွက်မြှင့်တင်တဲ့အနေနဲ့ ဆိုင်ခန်းတွေတိုးချဲ့ဖို့အတွက် ပြင်ဆင်နေရင်းနဲ့ ကိုဗစ်ကဖြစ်တော့ ရပ်နားထားလိုက်ရတယ်။ အခုကိုဗစ်ကာလနောက်ပိုင်းမှာ ဆိုင်ခန်းတွေကို ပြန်လည်ပြင်ဆင်ပြီးတော့ တိုးချဲ့ဖွင့်လှစ်မယ်" ဟု မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူး(၁) ဦးသောင်းထွန်းက မြန်မာတိုင်းမ်သို့ ပြောသည်။

အဆိုပါကျောက်မျက်ရတနာအချောထည်ဈေးကွက် အရောင်းဆိုင်ခန်းများကို ရန်ကုန်မြို့ Myanmar Gems Trade Centre ပထမထပ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောက်အချောထည်ဈေးကွက်အတွင်း ဆိုင်ခန်း ၁၂၀ ခန့်ပြသရောင်းချနိုင်ရန်စီစဉ်နေပြီး ကျောက်မျက်ရတနာအချောထည်ဈေးကွက် မြှင့်တင်ခြင်းဆိုင်ခန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရန်ကြို တင်ပြင်ဆင်နေကြောင်းသိရသည်။ "လောလောဆယ် နိုင်ငံတော်ကချမှတ်ထားတဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့ညွှန်ကြားချက်တွေကိုစောင့်ဆိုင်းနေတယ်။ ညွှန်ကြားချက်တွေနဲ့အညီ လုပ်ရမှာပါ။ ဇွန် ၁၅ ရက်နောက်ပိုင်းမှာ ထွက်လာတဲ့ ညွှန်ကြားချက်ကိုကြည့်မယ်။ ဒီကြားထဲမှာတော့ ဆိုင်ခန်းတွေကိုပြီးစီးအောင်ပြင်ဆင်နေတယ်။ ကိုဗစ်ကာလကန့်သတ်ချက်တွေ လွန်မြောက်တာနဲ့ဖွင့်မယ်" ဟု ဦးသောင်းထွန်းကပြောသည်။

ကူးစက်ရောဂါများ ဖြစ်ပေါ်နေခြင်းကြောင့် တရုတ်ဝယ်လက်မရှိသဖြင့် နိုင်ငံခြား ကျောက်မျက်ဈေးကွက်ရပ်တန့်ကာ ယူရိုဖြင့်ရောင်းချသည့် ကျောက်မျက်ရတနာပြပွဲရွှေ့ဆိုင်းခဲ့ရသည်။ နိုင်ငံခြားသားများအားရောင်းချသည့် ယူရိုပွဲကို တစ်နှစ်လျှင်နှစ်ပွဲကျင်းပပြီး တစ်ပွဲလျှင် အခွန်အခယူရို သန်း ၅၀၀ ခန့်ရရှိကာ ရက်ရွှေ့ပြောင်းခဲ့ရခြင်းကြောင့် နိုင်ငံတော်အတွက် အခွန်အခများနစ်နာခဲ့ကြောင်းသိရသည်။ ရောဂါဖြစ်ပွားမှုကြာလျှင် ကြာသလောက် နိုင်ငံခြားကျောက်မျက်ဈေးကွက် ရပ်တန့်နေမည်ဖြစ်ပြီး ရောဂါပျောက်ကင်းမှုမြန်ဆန်လာမှသာလျှင် ပုံမှန်အရောင်းအဝယ်ပြန်ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားကျောက်မျက်ဈေးကွက်တွင်လည်း တရုတ်ဝယ်လက်ကိုသာ အဓိကထားရောင်းချနေရခြင်းကြောင့် လက်ရှိအခြေအနေမှာ ကျောက်မျက်ဈေးကွက်အတွက် လွန်စွာအထိနာနေကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/140035.html

## တရုတ်သို့ပို့နေသော်လည်း ကြက်သွန်နီဈေးနိမ့်နေဆဲ




နှစ်စဉ်ကဲ့သို့ ပြည်တွင်း ကြက်သွန်နီများ မေလအတွင်း မူဆယ် နယ်စပ်သို့ တင်ပို့မှုရှိသော်လည်း ဈေးနှုန်းအနိမ့်တွင်သာ ပြည်တွင်းဈေးကွက်တွင်ရှိနေဆဲဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသမှ ငရုတ်ရှည်အသစ်များ ငရုတ်ဈေးကွက်သို့ ဝင်ရောက်လာချိန် ဈေးနှုန်းထပ်မံကျဆင်းလာသည်။ အသုံးနည်းသော အုန်းဆီဈေးမှာ စံချိန်တင်မြင့်တက်လာရာ တစ်ပိဿာလက်ကားဈေး ကျပ် ၇၅၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်လာသည်။ မူဆယ်နယ်စပ်သို့ အညာဈေးကွက်က မေ ၁ ရက်မှ ၂၅ ရက် အတွင်း ကြက်သွန်နီတန်ချိန် ၈၈၄၅ တန် တင်ပို့ခဲ့သော်လည်း ဈေးနှုန်းတစ်ပိဿာ ကျပ် ၅၇၀၀ဝန်းကျင်၊ တစ်တန် ကျပ် ၃၅၄၀၀၀ (ယွမ် ၂၈၇၀) သာရှိသည်ဟု ၄င်းနယ်စပ်ကုန်သွယ်ရေး ဈေးကွက်သတင်းဖော်ပြချက်များအရသိရသည်။ ကြက်သွန်နီထွက်ရှိရာ ပခုက္ကူ၊ မုံရွာ၊ မြင်းခြံဈေးကွက်များတွင် အမြင့်ဆုံးဈေးနှုန်း တစ်ပိဿာကျပ် ၄၇၀-၄၈၀ ဝန်းကျင်သာရှိပြီး ဇွန် ၃ ရက် ရန်ကုန်ဈေးကွက်တွင်လည်း ဆိပ်ဖြူလက်ကားတစ်ပိဿာ ၄၇၅ ကျပ်မှကျပ် ၅၀၀ ၊ မြစ်သား ကျပ်

၆၅၀ မှ ၇၀၀ နှုန်းရှိသည်။ ဇွန် ၁ ရက်တွင် နယ်စုံက ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၂၅၂၀၀၀၊ ဇွန် ၂ ရက်တွင် ပိဿာ ၁၃၂၀၀၀၊ဇွန် ၃ ရက်တွင်မူ ပိဿာ ၁၅၀၀၀၀ ဝင်ရောက်ခဲ့သည်။ ကြက်သွန်နီဈေးကွက်အတွင်း ပုံမှန်အားဖြင့် အလုံးကြီးများဖြစ်သော လတ်ကြီးနှင့်ရှယ်များသည်စားသုံးသူအဝယ်များသော အလုံးလတ် (လတ်သန့်) ထက် ဈေးမြင့်တတ်သည်။

ယခုကိုဗစ်ကာလ စားသောက်ဆိုင်များ ပုံမှန်ရောင်းချနိုင်ခြင်းမရှိသေး၍ စားသောက်ဆိုင်၊ ဟိုတယ်သုံး အလုံးကြီး အရွယ်အစားနှစ်မျိုးမှာ လတ်သန့်ထက် ဈေးနှုန်းနည်းနေသည်ဟုသိရသည်။ ကြက်သွန်ဖြူနှစ်မျိုးဈေးနှုန်း အနည်းငယ် မြင့်တက်လာသည်။ ကျပ် ၁၃၅၀-၁၄၀၀ ဖြင့် ဈေးကွက်သို့ စတင်ဝင်ရောက်လာသော ကြူကုတ်ကြက်သွန်ဖြူအသစ်သည်ဇွန် ၃ ရက်တွင် ကျပ် ၁၄၅၀ နှုန်းရှိသည်။ ဇွန် ၁ ရက်တွင် တစ်ပိဿာ ကျပ် ၁၅၀၀-၁၅၅၀ အထိ ဈေးမြင့်ရာက ဈေးနှုန်း ပြန်လည်ကျလာသည်။ ရှမ်းအောင်ပန်းကြက်သွန်ဖြူမှာမူ လက်ကားတစ်ပိဿာကျပ် ၁၇၀၀ မှ ၂၃၅၀ နှုန်းရှိသည်။ အာလူးဈေးကွက်တွင်မူ တရုတ်အာလူးသည် ဝယ်သူကြိုက်ပြီး ရှမ်းအာလူးထက် ဈေးနှုန်းမြင့်လာသည်။ ဇွန် ၂ ရက်တွင်တရုတ် အာလူးလက်ကား တစ်ပိဿာကျပ် ၇၀၀ ရှိပြီး ခွဲတမ်းစနစ်ဖြင့် ဝယ်ယူခဲ့ရသည်ဟု ဈေးကွက်အဝယ်တော်တစ်ဦးက ပြောသည်။ ဇွန် ၃ ရက်တွင် တရုတ်အာလူး လက်ကား တစ်ပိဿာ ကျပ် ၇၃၀ နှုန်းရှိသည်။ သို့သော် ရှမ်းဟဲဟိုးအာလူးမှာမူ လက်ကားတစ်ပိဿာ ကျပ် ၄၅၀ မှ ၅၇၀ နှုန်းသာရှိသည်။

နောင်တရားဒေသက ဘုရင့်နောင်တွင် ပွဲရုံဖွင့်သော အာလူးပွဲရုံအချို့တွင် နောင်တရားဒေသထွက် ဂေါ်ဖီထုပ် များကို နယ်နှင့် ရန်ကုန်မြို့တွင်းတို့က အာလူးဝယ်ယူသူများကို နှစ်ကြိမ်ပေးဝေနေသည်ကို မြင်တွေ့ရသည်။ ၁၂ ဘီးကားတစ်စီးလျှင် ဂေါ်ဖီထုပ် ၆၀၀၀ ဝန်းကျင်ပါကာတောင်သူများကို ဂေါ်ဖီဖိုး ကျပ်ခြောက်သိန်း၊ ကားခ ကျပ်ခြောက်သိန်း၊ ဂေါ်ဖီခုတ်ခ လုပ်အားပေးပရဟိတလူငယ်များဖြင့်အခမဲ့ စုစုပေါင်း ၁၂ ဘီးကား တစ်စီးလျှင် ကျပ် ၁၂ သိန်းကုန်ကျမှုရှိသည်ဟုသိရသည်။ မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည်မျိုးစုံ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ချိန် ဈေးနှုန်းများ ထပ်မံ ကျဆင်းလာရာ ဇွန် ၃ ရက်တွင် ရွှေလောင်းငရုတ်ရှည်လက်ကား တစ်ပိဿာ ကျပ် ၂၄၀၀-၂၄၅၀၊ ပန်းတနော် ကျပ် ၂၅၀၀၊ ဝါးခယ်မငရုတ်ရှည် ကျပ် ၂၅၅၀ နှုန်းရှိသည်။

ပြည်တွင်းစိုက် အိန္ဒိယငရုတ်ရှည်မျိုး တစ်ပိဿာလျှင် ကျပ် ၂၇၀၀-၂၇၅၀၊ လေးအိမ်စုမိုးထောင် ကျပ် ၃၁၀၀၊ ရေလဲမိုးထောင် ကျပ် ၂၉၀၀-၂၉၅၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ လက်ကား တစ်ပိဿာ ကျပ် ၅၅၀၀-၆၀၀၀၊ မြစ်ဝငရုတ်ပွ ကျပ်၄၂၀၀-၄၈၀၀၊ မြစ်ဝ စကငရုတ်ပွ ကျပ် ၃၀၀၀-၃၃၀၀ နှုန်းသာရှိသည်ဟု ငရုတ်ဈေးကွက်ကသိရသည်။ ၂၀၁၉ ခုနှစ် ကာလတူ ဇွန် ၃ ရက်တွင် မိုးထောင် ငရုတ် လက်ကား တစ်ပိဿာ ကျပ် ၄၈၀၀၊ ပန်းတနော် ငရုတ်ရှည်တစ်ပိဿာကျပ် ၄၂၀၀၊ အိန္ဒိယငရုတ်ရှည် တစ်ပိဿာ ကျပ် ၄၇၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ ကျပ် ၁၀၀၀၀ နှုန်းရှိခဲ့ရာ ယခုနှစ်တွင်ငရုတ်ဈေးနှုန်းသည် ဇွန်လဆန်းတွင် ယခင်နှစ်ကာလတူထက် ဈေးနှုန်းများစွာ နိမ့်နေသည်။ သို့ဖြစ်ရာ ငရုတ်လှောင်လက်များသည် ယခုရက်ပိုင်း ငရုတ်များကို ဝယ်ယူသိုလှောင်နေကြသည်ဟုသိရသည်။ သကြားဈေးနှုန်းမှာ ထပ်မံကျဆင်းလာရာ ယခင်တစ်ပတ် လက်ကားတစ်ပိဿာ ၈၇၅ ကျပ်နှုန်းရှိသော ပြည်တွင်းစက်ရုံထွက် သကြားမှာ ဇွန် ၃ ရက်တွင် ကျပ် ၈၆၀ နှုန်းသာရှိသည်။ အသစ်ထွက်နေသော ထန်းလျက်များမှာမူ သကြားဈေးထက် များစွာမြင့်နေဆဲရှိသည်။ ညောင်ဦးဆေးခတ်အဖြူမှာ တံဆိပ်ပေါ်မူတည်၍ လက်ကားတစ်ပိဿာ ကျပ် ၁၆၀၀-၁၇၀၀ အတွင်း ဈေးနှုန်းရှိနေဆဲဖြစ်သည်။ သကြားရော ညောင်ဦး ထန်းလျက်မှာမူ ကျပ် ၁၁၀၀-၁၂၀၀ နှုန်း၊ မလိုင်ထန်းလျက်များမှာ ၁၃၇၅ကျပ်၊ ပခုက္ကူထန်းကြမ်းလက်ကား တစ်ပိဿာ ၁၅၇၅-၁၆၀၀ ကျပ်၊ ရေစကြိုဝမ်းဖြူထန်းလျက် ကျပ် ၁၈၀၀ နှုန်းရှိသည်ဟုသိရသည်။ ထန်းတက်သူများထံမှ ထန်းလျက်တစ်ပိဿာ ကျပ် ၁၂၀၀ ဝန်းကျင်ဖြင့် အညာထန်းပွဲရုံများက ဝယ်ယူသည်ဟု သိရသည်။ စားအုန်းဆီကဲ့သို့ လူသုံးများခြင်းမရှိသော အုန်းဆီမှာမူ အုန်းသီး၊ အုန်းသားဈေးမြင့်၊ ပစ္စည်းရှားပါးမှုကိုအကြောင်းပြု၍ ဇွန် ၃ ရက်တွင် လက်ကားတစ်ပိဿာ ကျပ် ၇၅၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်လာသည်။

၂၀၂၀ပြည့်နှစ် ဧပြီ ၃ ရက်တွင် အုန်းဆီလက်ကားတစ်ပိဿာလျှင် ကျပ် ၄၆၀၀ နှုန်းသာရှိသည်။ ၂၀၁၉ ခုနှစ်အတွင်း နှစ်ကုန်ပိုင်းမတိုင်မီအထိ အုန်းဆီလက်ကားတစ်ပိဿာ ကျပ် ၄၀၀၀ အောက်တွင်သာရှိခဲ့သည်ဟု အဝယ်တော်တစ်ဦးထံမှ သိရသည်။ ၂၀၂၀ ပြည်နှစ် မေ ၂၅ ရက်တွင် ပြည်ပ FOB တစ်တန်ဈေးနှုန်းမဖွင့်သော်လည်း ဆီထုတ်ယူခွင့်စာရွက် လက်ကား

တစ်ပိဿာဈေးနှုန်း ၁၄၅၅ ကျပ်နှုန်းသာရှိခဲ့သော်လည်း ဇွန် ၃ ရက်တွင် ပြည်ပFOB တစ်တန် ၅၇၅ ဒေါ်လာနှုန်း၊ ပြည်ပပို့ကုန် ရငွေလဲနှုန်း ၁၄၀၁ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာအရင်းဈေး ယခုရောက် ၁၅၃၉ ကျပ်၊ ဇွန်လရောက် ၁၅၁၁ ကျပ်ဖြစ်ပြီး ဆီထုတ်ယူခွင့်စာရွက်လက်ကားတစ်ပိဿာ ၁၅၂၅ကျပ်နှုန်းသို့ မြင့်တက်လာသည်ဟု ဆီဈေးကွက်ကသိရသည်။

**Source:** http://htwettoe.com/article-details/education/9448097

## SME ချေးငွေများကို စည်းမျဉ်းစည်းကမ်း ဖြေလျှော့ပေးထားကြောင်း JICA ထုတ်ပြန်

COVID-19 ကာလ တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထပ်မံထုတ်ပေးရာတွင် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့သတ်မှတ်ထားကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က သတင်းထုတ်ပြန်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ခံနိုင်ရည်ရှိစေရန် JICA က ကျပ် ၆၄ ဘီလီယံ ထပ်မံထုတ်ချေးမည်ဟု ဇွန်လဆန်းတွင်ထုတ်ပြန်ထားသည်။ ၂၀၁၈ က စတင်ခဲ့သော အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ငွေကြေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း အဆင့်-၂ ကို ပြန်လည်ပြင်ဆင်ပြီး ကူညီထောက်ပံ့ခြင်းဖြစ်သည်။ ချေးငွေထုတ်ချေးရာတွင် လုပ်ငန်းလည်ပတ်ရန်၊ ပစ္စည်းကိရိယာများအတွက်ရင်းနှီးမြှုပ်နှံရန် ခွဲဝေသုံးစွဲရမည့် ကန့်သတ်ချက်များ မပါရှိကြောင်းဖော်ပြထားသည်။ “အခုချေးငွေအစီအစဉ်မှာ ဖြေလျှော့မှုတွေ ပေးထားပါတယ်” ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းကပြောသည်။

ယခင် JICA ချေးငွေများသည် ရင်းနှီးမတည်ငွေတွင် ၈၀ ရာခိုင်နှုန်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် ၂၀ ရာခိုင်နှုန်း သုံးစွဲရမည်ဟု သတ်မှတ်ချက်များပါဝင်သည်။ စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းနှင့်ပတ်သက်ပြီးလွတ်လပ်စွာ သုံးစွဲခွင့်မရှိခြင်းကြောင့် ချေးငွေရယူလိုမှုနည်းကြောင်း လှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ယခုထုတ်ချေးမည့် ကျပ် ၆၄ ဘီလီယံတွင် ကန့်သတ်ချက်များမပါဘဲ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်မည်ဟု ဒေါ်အေးအေးဝင်းကဆိုသည်။ ယခင်က ကျပ်သန်း ၂၀၀ သာ ထုတ်ချေးသည့် အပေါင် ပစ္စည်းမပါသော ချေးငွေအမျိုးအစားကိုလည်း ကျပ်သန်း ၃၀၀ အထိ တိုးပေးရန်စီစဉ်ထားသည်။

ချေးငွေအတွက် အတိုးနှုန်းကို အပေါင်ပစ္စည်းမပါလျှင် ၁၀ ရာခိုင်နှုန်းအထိပေးရမည်ဖြစ်ပြီး အပေါင်ပစ္စည်းပါဝင်သော ချေးငွေက ၅ ဒသမ ၅ ရာခိုင်နှုန်းသာသတ်မှတ်ထားသည်။ လက်ရှိကြုံနေရသည့် စီးပွားရေးအကျပ်အတည်းကို ကျော်လွှားနိုင်ရန် နိုင်ငံစီးပွားရေးကဏ္ဍတွင် ၉၉ ရာခိုင်နှုန်းကျော် ပါဝင်နေသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း JICA မြန်မာရုံးမှဌာနေကိုယ်စားလှယ် Mr. SAKAKURA Noriji က ပြောသည်။

**Source:** https://7day.news/detail?id=188374

## ကြက်သားဈေး အနည်းငယ်ပြန်ကျ



အသေးစားမွေးမြူသူများ ရပ်တန့်နေရခြင်းနှင့် ဈေးကွက်အတွင်း ကုန်ကြမ်းပြတ်လပ်သွားခြင်းတို့ကြောင့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကြက်သားဈေး မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု မွေးမြူရေးလုပ်ငန်းနှင့် ဒိုင်များမှတာဝန်ရှိသူများကပြောသည်။ ယခင်တစ်ပိဿာ ကျပ် ၃,၈၀၀ ဝန်းကျင်ရှိ အသားတိုးကြက်ဈေးနှုန်းသည် မေလ တတိယပတ်ကစ၍ ကျပ် ၄,၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇွန်လ ၅ ရက် တွင် ကျပ် ၅,၃၀၀ အထိရှိခဲ့ရာမှ ဇွန်လ ၈ ရက်တွင် ကျပ် ၄,၇၀၀ သို့ ပြန်ကျခဲ့သည်။ “အဓိကတော့ COVID ရောဂါကြောင့် ဈေးကွက်ပျက်သွားတာပေါ့။ မွေးတဲ့သူလည်း နည်းသွားတယ်။ ဒါကြောင့် ဈေးတက်ခဲ့တာပါ။ ဒီရက်ပိုင်းဈေးတော့ပြန်ကျနေပါပြီ။ နောက်လည်းထပ်ကျဖို့ပဲရှိတယ်” ဟု ကြည့်မြင်တိုင် ကြက်ဘဲဈေးဥက္ကဌဦးမြင့်သိန်းကပြောသည်။

COVID-19 ရောဂါမတိုင်မီကပင် အသားတိုးကြက် ဈေးကွက်အတွင်း မွေးမြူသူများအကြား ဆုံးရှုံးထိခိုက်မှုများရှိခဲ့သည့်အတွက် မွေးမြူသူနည်းပါးသွားခြင်းအပါအဝင် အသားတိုးကြက်ပေါက်ထုတ်လုပ်သည့်လုပ်ငန်းအချို့ပါ ရပ်နားခဲ့ခြင်းကြောင့်

ကြက်သားဈေးတက်ခဲ့ရခြင်းဖြစ်သည်ဟု ကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ဇော်လင်းကသုံးသပ်သည်။ အသားတိုး ကြက်ပေါက်ရှားပါးမှုကြောင့် ပြည်ပမှ အကောင်ရေကိုးသိန်းကျော် တင်သွင်းခွင့်ပြုခဲ့သည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မကြာသေးမီက ပြုလုပ်သည့်စစ်တမ်းအရ မြန်မာနိုင်ငံရှိ မွေးမြူရေးလုပ်ငန်းထက်ဝက်ခန့်မှာ COVID-19 ကြောင့် စီးပွားရေးအရ ထိခိုက်နစ်နာမှုရှိနေသည်ဟုဆိုသည်။ အထူးသဖြင့် COVID-19 အလွန်ကာလများတွင် လုပ်ငန်းများပြန်လည်စတင်နိုင်ရန် ထောက်ပံ့ငွေ၊ ချေးငွေပံ့ပိုးခြင်း၊ အစာ၊ ဆေးစသည်တို့ကိုပံ့ပိုးပေးခြင်းနှင့် ဈေးကွက်ဖော်ဆောင်ပေးခြင်းတို့ပြုလုပ်ရန် လိုအပ်ကြောင်းထောက်ပြထားသည်။

**Source:** https://7day.news/detail?id=188304

## ကွမ်းသီးပင်များကြား ကိုကိုးပင်ကြားညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေနိုင်



နှစ်ရှည်ပင်တစ်မျိုးဖြစ်သည့် ကွမ်းသီးပင်များအကြားတွင် ကိုကိုးပင်များကို ကြားညှပ် စိုက်ပျိုးပါက (၂)သီးစားအဖြစ် ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း ကိုကိုးစိုက်ပျိုးသူများကပြောသည်။ ကွမ်းသီးခြံတွေကြားမှာ သီးညှပ်အနေနဲ့ စိုက်ပျိုးထားလိုက်တော့ ဒီအချိန်မှာ တောင်သူ တွေ အတွက် အပိုဝင်ငွေတစ်ခု ရလာတာပေါ့။ ကွမ်းသီးကလည်း နှစ်ရှည်ပင်ပဲ။ အနှစ် ၂၀၊ ၃၀ သက်တမ်း ရှိတယ်။ ကိုကိုးကလည်း နှစ်ရှည်စားရတဲ့အပင်ပဲဟု တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နယ်မှ ကိုကိုး စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်နေသူ ကိုနေလင်းအောင်ကပြောသည်။

ကိုကိုးပင်သည် စတင်စိုက်ပျိုးချိန်မှ (၅) နှစ်ဝန်းကျင်အတွင်း ဈေးကွက်တင်ပို့နိုင်ပြီး၊ အပင်သက်တမ်း (၁၀) နှစ်မှ (၁၅) နှစ်ကြား သက်တမ်းတွင် အရည်အသွေးပြည့်မီကာ ပိုမိုထွက်နှုန်းအားကောင်းလာကြောင်းသိရသည်။ တစ်ပင်နဲ့တစ်ပင်ကြား ၁၀ ပေ၊ ၁၅ ပေ ခြားထားကြတယ်။ တချို့ ကွမ်းသီးခြံတွေကျတော့ ဟိုးအရင့်အရင်ကတည်းက စိုက်ထားတာဆိုတော့ ပင်ကြား တန်းကြားကမမှန်ဘူး။ မမှန်တဲ့အခါကျတော့ အဆင်ပြေသလိုပဲ ကြားညှပ်လွတ်တဲ့နေရာလေးတွေ ထည့်စိုက်ကြတာဟု ကိုနေလင်းအောင်က ဆက်လက်ပြောသည်။ ၁၀ လသားအရွယ် ကိုကိုးပျိုးပင်တစ်ပင်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူ စိုက်ပျိုးနေကြကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/increase_income_inter_cropping_with_betel_and_cocoa

## မလေးရှားမှ Petronas က မြန်မာသို့ LNG ပေးပို့မှုစတင်

မလေးရှားမှ Petronas က ပထမဆုံးအကြိမ်အဖြစ် သဘာဝဓာတ်ငွေ့ရည် liquefied natural gas (LNG) ကို မြန်မာ နိုင်ငံသို့ပေးပို့သည်။ Petronas LNG Ltd, သည် မလေးရှားမှ နိုင်ငံပိုင်လုပ်ငန်းဖြစ်ပြီး LNG ကို ရန်ကုန်မြို့သို့ အရောင်းအဝယ် သဘောတူညီချက်အရ မေလတွင် တစ်ကြိမ်၊ ဇွန်လတွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ပေးပို့ရန် အစီအစဉ် ရှိထားသည်။ ထို့အတွက် ဖက်စပ်ကုမ္ပဏီဖြစ်သော CNTIC VPower နှင့် သဘောတူလက်မှတ်ရေးထိုးထားသည်။

မလေးရှားနိုင်ငံအရှေ့ခြမ်း ဆာရာဝပ်ရှိ ဘင်တူးလူးတွင်တည်ရှိသော Petronas LNG complex မှ free-on-board (FOB)ဖြင့် LNG စုစုပေါင်း ၁၉၀၀၀၀ ကုဗပေကို တင်ဆောင်သည်။ " LNG နှစ်ကြိမ်ကို CNTIC VPower ထံ အောင်မြင်စွာ ပေးပို့ခဲ့ပြီးပါပြီ။ အရှေ့တောင်အာရှ ဒေသ LNG လိုအပ်မှု ကြီးထွားလာတဲ့ခေတ်အသစ်ကို ထင်ဟပ်ပြသပါတယ်" ဟု Petronas ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ LNG ကို ပိုသန့်ရှင်းတဲ့ စွမ်းအင်ပုံစံတစ်ခုအဖြစ်ကျင့်သုံးတာမှာ မြန်မာဟာ နောက်ဆုံး ထွက်ပေါ်တဲ့နိုင်ငံဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံရဲ့ ကြီးထွားလာနေတဲ့ဓာတ်ငွေ့လုပ်ငန်းကဏ္ဍမှာ ခြေကုပ်တစ်ခုထူထောင်ဖို့အတွက် CNTIC VPower ထံ နောက်ထပ် ပေးပို့မှုများ လုပ်ဆောင်လျက်ရှိတယ်လို့ Petronas က ဆိုပါတယ်။ CNTIC VPower သည် တရုတ်နိုင်ငံမှ နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်ပြီး engineering, procurement and construction (EPC) လုပ်ကိုင်သော China National

Technical Import and Export Corporation (CNTIC) နှင့် ဟောင်ကောင်အခြေစိုက် ပါဝါဖြန့်ဖြူးရေးလုပ်ကိုင်သော VPower Group International Holdings တို့ ဖက်စပ်ထူထောင်ထားသောလုပ်ငန်းဖြစ်သည်။

အဆိုပါ လုပ်ငန်းစုသည် ပြီးခဲ့သည့်နှစ်က ရန်ကုန်နှင့် ရခိုင်ပြည်နယ်တို့တွင် LNG-to-power စီမံကိန်း သုံးခုကို လုပ်ကိုင်ခွင့် ရရှိခဲ့ကြသည်။ ဓာတ်အားပမာဏ စုစုပေါင်း ၉၀၀ မဂ္ဂဝပ် ထုတ်လုပ်ရန် တင်ဒါအောင်ခဲ့သည်။ ထိုစီမံကိန်းများသည် ယခုနှစ်တွင် စတင်ရန် မျှော်မှန်းထားပြီး မြန်မာနိုင်ငံတွင် ၁၅ မှ ၁၇ ရာခိုင်နှုန်းအထိ နှစ်စဉ်ကြီးထွားနေသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းမည်ဖြစ်သည်။ ယခုနှစ် နွေရာသီဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းရန် အစိုးရက ဓာတ်အား စက်ရုံများကို မြန်မြန်ဆန်ဆန် အတည်ပြုပေးခဲ့သည်။ ရန်ကုန်မြစ်တွင် LNG လက်ခံရယူမည့် ဆိပ်ခံတစ်ခုကို မကြာသေးချင်က တည်ဆောက်ပြီးစီးခဲ့သည်။ ရေပေါ်သိုလှောင်ကန်နှင့် ကုန်းပေါ်တွင် အရည်မှအငွေ့သို့ ပြောင်းလဲပေးသည့်စက်ရုံကိုလည်း တည်ဆောက်ပြီးစီးခဲ့သည်။

**Source:** https://www.logisticsguide.com.mm/en/industry-news/export-import/224969-petronas.html

## မြင်းခြံမြို့နယ်မှာ ပဲတီစိမ်းဈေးကောင်းရ၍ တောင်သူများအဆင်ပြေ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာ ပဲတီစိမ်းစိုက်ပျိုးသူများ ပဲတီစိမ်းဈေးကောင်းရ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း လေးအိမ်တန်းကျေးရွာနေ တောင်သူ ဦးဖိုးကျော်ထံမှ သိရှိရသည်။ ယခု ပဲတီစိမ်းတစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ကျပ် ၁၈၀၀ ထိ ဈေးကောင်းရတယ် မေလတုန်းကဆို ကျပ် ၂၂၀၀ ထိ ရရှိကြောင်းသိရသည်။ ပဲတီစိမ်းကို တပေါင်းလဆန်း တွင် စိုက်ပျိုးကြပြီး ကဆုန်လဆုတ်အချိန်တွင် ပဲတီစိမ်း စတင် ဆွတ်ခူးနိုင်ပြီး မဆွတ်ခူးခင် ရေသွင်းရကြောင်းသိရသည်။ ပဲတီစိမ်း ကို တပေါင်းလဆန်းမှ စတင်စိုက်ပျိုးပါက ပထမအကြိမ် ကဆုန် လဆုတ်တွင် ဆွတ်ခူးနိုင်ပြီး ၊ ရက် ၂၀ နေရင် ဒုတိယအကြိမ်၊ နောက်ထပ် ၁၃ ရက်နေပါက တတိယအကြိမ် ဆွတ်ခူးနိုင်ကာ ပဲတီစိမ်းမဆွတ်ခူးမီ ရေသွင်းရပြီး အသီးသီးခါနီးတွင်လည်း ရေတစ်ကြိမ်သွင်းရကြောင်း ပဲတီစိမ်းစိုက်ပျိုးသူ ဦးဝဏ္ဏအောင် ကပြောသည်။

ပဲတီစိမ်း စိုက်ခင်း တစ်ဧကလျှင် ပထမအကြိမ် ဆွတ်ခူးပါက တင်း ၂၅ တင်းရရှိပြီး၊ ဒုတိအကြိမ် တင်း ၂၀ ၊ တတိယအကြိမ် ၁၅ တင်းရရှိပြီး ပဲတီစိမ်း တစ်ခါစိုက်လျှင် သုံးခါဆွတ်ခူးရနိုင် တစ်တင်းလျှင် ၂၀ ပိဿာရှိကြောင်းသိရသည်။ အရင်နှစ်များတွင် ပဲတီစိမ်း တစ်ပိဿာလျှင် ကျပ် ၁၄၀၀ မှ ကျပ် ၁၅၀၀ ထိ ရရှိသည့်အတွက် တောင်သူများ အနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့ ခဲ့ရသည်။ ပဲတီစိမ်းများ ဆွတ်ခူးပြီးပါက နေလှမ်းထားရှိကာ အသီးနှင့်အခွံများကိုခွဲထုတ်ရသည်။ ပဲတီစိမ်းအခွံနှင့် အပင်များ ကိုလည်း လွှင့်မပစ်ရဘဲ နွားစာအဖြစ်ကျွေးလျက်ရှိကြောင်း ဦးဖိုးကျော်ထံမှသိရသည်။ တောင်သူများအတွက် ပဲတီစိမ်း စိုက်ပျိုးသည့်အတွက် ဝင်ငွေလည်းရရှိ ပြီးအခွံကို နွားကျွေးခြင်း၊ ပင်စည်များကို မြေဩဇာအဖြစ်အသုံးပြုနိုင်၍ အဆင်ပြေလျက် ရှိကြောင်း သိရှိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3045-bean.html

## တရုတ်သို့တင်ပို့နေသည့် ပို့ကုန်တန်ဖိုး ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်လျော့နည်း

တရုတ်နိုင်ငံသို့တင်ပို့နေသည့် ပို့ကုန်တန်ဖိုးမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် လျော့နည်း သွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "နယ်စပ်ကုန်သွယ်မှုမှာတော့ နယ်စပ်အားလုံးကို ခြုံကြည့်ရင် ပြီးခဲ့တဲ့နှစ် ကာလတူနဲ့နှိုင်းယှဉ်ကြည့်ရင်တိုးတက်တယ်။ ဒါပေမယ့် တရုတ်နယ်စပ်ကုန်သွယ်မှုမှာတော့ ကာလတူနဲ့ နှိုင်းယှဉ်ကြည့်ရင် အမေရိကန်ဒေါ်လာသန်း ၁၀၀ လောက်လျော့သွားတယ်။ အဓိကအနေနဲ့ပို့ကုန်လျော့သွားတာပါ" ဟု

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်သို့ ပြောသည်။ အဓိကအားဖြင့် ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်နိုင်ငံသို့ ဖရဲ ၊ သခွားနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုလျော့ကျခဲ့ခြင်းဖြစ်သည်။ "ဖရဲ၊သခွားဆိုရင် နှစ်စဉ် တန်ချိန် ၁၀ သိန်းလောက် ပို့နေတာ။ အခုနှစ်မှာတော့ ပြီးခဲ့တဲ့ ကာလတူနဲ့နှိုင်းယှဉ်ကြည့်ရင် တန်ချိန် နှစ်သိန်း နီးပါးလောက်လျော့သွားတယ်။ အရင်တုန်းက ပြောင်းဆံကို တရုတ်ကို အဓိကထား ပို့တယ်။အခု ကျတော့ ကိုဗစ်ကြောင့်လည်းပါတယ်။ ပြောင်းဆံကိုတရုတ်ကိုပို့တာလျော့သွားတယ်'' ဟု ဦးခင်မောင်လွင်ကပြောသည်။

ယခင်က ပြောင်းဆံကို တရုတ်နိုင်ငံသို့ အဓိကထား ပို့နေသော်လည်း လက်ရှိတွင် ပြောင်းဆံကို ထိုင်းနိုင်ငံသို့ တန်ချိန် ၁ ဒသမ ၂ သန်းခန့်တင်ပို့ ရောင်းချနေကြောင်း၊ ပင်လယ်ရေကြောင်းဘက်မှ ဖိလစ်ပိုင် ၊ အိန္ဒိယ ၊ ဗီယက်နမ်နှင့် အခြားနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင် ရောင်းချနေကြောင်း ၎င်းကပြောသည်။ ထို့အတူ ကိုဗစ်ထိန်းချုပ်ရန် အကြောင်းပြချက်ဖြင့် တရုတ်အစိုးရက နယ်စပ်ချင်းထိစပ်နေသည့် နန့်ခမ်း-မူဆယ်တစ်လျှောက်ရှိဝင်ပေါက်များမှ ပြောင်းချို (သကြားပြောင်း) တင်ပို့မှုကို ပိတ်လိုက်သည့်အတွက် ပြောင်းချိုစိုက်ဧက ၅,၀၀၀ ခန့်ရှိသော ပြောင်းတန်ချိန်သိန်းချီ၍ ရွှေလီမြစ်ထဲသို့လွှတ်ပစ်ရပြီး တောင်သူများ နစ်နာဆုံးရှုံးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140075.html

## ကြံထုတ်လုပ်မှု ခုနစ်နှစ်တာအတွင်း အနည်းဆုံးသို့ရောက်ရှိ



သကြားအကြမ်း ဝယ်လိုအားကျဆင်းသဖြင့် ကြံထုတ်လုပ်မှုကို ခုနစ်နှစ်တာအတွင်း အနည်းဆုံးသို့ ရောက်ရှိစေခဲ့သည်။ သကြား ဝယ်လိုအားကျဆင်းနေသဖြင့် လက်ထဲရှိနေသည့် သကြားလက်ကျန်ကို ကုန်သည်တို့က အမြန်ဆုံးရောင်းထုတ်ပစ်နေကြရသည်။

ကြံစိုက်ဧက လျော့နည်းခြင်းကြောင့် သကြားစက်ရုံများလည်း တဖြည်းဖြည်းချင်း ပိတ်သိမ်းကြရလိမ့်မည်။ ပြည်တွင်းသကြား ထုတ်လုပ်မှု လျော့ကျသွားမည်။ ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောသကြားကို ပြည်ပမှတင်သွင်းပြီး ဖြည့်ဆည်းရလိမ့်မည် ဖြစ်သည်။ ကြံစိုက်တောင်သူတို့အနေဖြင့် အကျိုးအမြတ်မရရှိပါက ကြံစိုက်ကြမည်မဟုတ်ချေ။ ကြံမှရရှိသော သကြားအကြမ်းကို တရုတ်နိုင်ငံသို့ နယ်ခြားကုန်သွယ်ရေးဖြင့် ပေးပို့သည်။ တရုတ်အပြင် မြန်မာမှ သကြားအကြမ်းတင်သွင်းသော နိုင်ငံအနည်းငယ်သာရှိပြီး ထုတ်လုပ်သည့်သကြားအများစုကို ယခုအခါ ပြည်တွင်း၌သာသုံးစွဲသည်။

ပြည်တွင်းသကြား ကုန်ထုတ်လုပ်ငန်းကဏ္ဍကို ပြန်လည်လန်းဆန်းစေရန်အတွက်မှာ သကြားစက်ရုံများကို အဆင့်မြှင့်တင်ပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုပြုရမည်ဖြစ်သည့်အပြင် ကြံစိုက်တောင်သူများအတွက် အရည်အသွေးပိုမြင့်မားသည့် ကြံမျိုးကောင်းများလိုအပ်သည်။ သန့်စင်ပြီး သကြားလိုအပ်ချက်ကိုဖြည့်တင်းရန် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများအား ပြည်ပမှတင်သွင်းရန်ခွင့်ပြုထားသည်။ ထိုင်းနိုင်ငံထံမှ သန့်စင်ပြီးသကြားတန်ချိန် တစ်သောင်းဝန်းကျင်တင်သွင်းသည်။ တရုတ်နှင့်ကုန်သွယ်ရေးတွင် မြန်မာသကြားအပေါ် သွင်းကုန်ခွန် ၈၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ထားပြီး တရားမဝင်တင်သွင်းမှုများကို အရေးယူမှာ ၂၀၁၇ ခုနှစ်ကတည်းကဖြစ်သည်။ ထိုနှစ်ချက်ကြောင့် တရုတ်သို့ သကြားစီးဆင်းမှုများ လျော့ကျသွားပြီး ယခုအခါ သကြားအကြမ်းများ ပိုလျှံနေသည်။ တရုတ်သို့ သကြားတင်ပို့မည်ဆိုပါက ပမာဏအတိအကျကို တင်သွင်းခွင့်ရယူရန်လိုအပ်ပြီး တရုတ်နိုင်ငံမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာဖို့လည်းလိုအပ်သည်။ ထို့ကြောင်းပြီးခဲ့သည့် နှစ်နှစ်တာအတွင်း သကြားအကြမ်းတင်ပို့မှုများ သိသိသာသာလျော့ကျသွားခဲ့ပြီး လတ်တလောတွင် တင်ပို့မှုများ

ရပ်ဆိုင်းနေပြီဖြစ်သည်။

သကြားအကြမ်း ဈေးကွက်ပျောက်နေသဖြင့် ကြံစိုက်တောင်သူတို့ ကြံစိုက်ပျိုးမှုလျော့ကျမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် သိသိသာသာလျော့နည်းမည်ဖြစ်သည်။ ပြည်တွင်းမှာ သကြားစက်ရုံ ၂၉ ခု ရှိနေပြီး၊ နှစ်ခုမှာ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ ပိုင်ဆိုင်လုပ်ကိုင်နေပြီး တစ်ခုမှာ ထိုင်းကုမ္ပဏီတစ်ခုမှ လုပ်ကိုင်လျက်ရှိရာ ထိုစက်ရုံများသာလျှင် သန့်စင်ပြီး သကြားကိုထုတ်လုပ်ကြသည်။

**Source: New Strait Times**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3049-sugar-cane.html

## ကိုဗစ်ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကိုလျှော့ချနိုင်ရန် ကုန်သွယ်ရေးအတားအဆီးများဖြေလျှော့မည်

ကိုဗစ်နိုင်တင်းကြောင့် ဒေသတွင်းစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ဖြေလျှော့နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု အာဆီယံနိုင်ငံများက ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် အာဆီယံနိုင်ငံများမှ စီးပွားရေးဆိုင်ရာဝန်ကြီးများ၊ တရုတ်၊ ဂျပန်နှင့် ကိုးရီးယားနိုင်ငံမှ စီးပွားရေးဝန်ကြီးများသည် Video Conferencing ဖြင့် အာဆီယံဒေသတွင်း ကိုဗစ်နိုင်တင်းသက်ရောက်မှုကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုကို တုန့်ပြန်နိုင်ရန် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

အာဆီယံဒေသတွင်းနိုင်ငံများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ကိုဗစ်နိုင်တင်းကြောင့် စီးပွားရေး အပေါ် သက်ရောက်မှုများကို လျှော့ချနိုင်ရန် အာဆီယံနိုင်ငံအသီးသီးက ဆွေးနွေးခဲ့သည်။ အာဆီယံဒေသတွင်းစီးပွားရေးဖွံ့ဖြိုးရန် ဒေသတွင်းကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန် သွယ်မှုအတားအဆီးများ ဖြေလျှော့ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မှုလုပ်ငန်းနယ်ပယ်များကို တိုးချဲ့ လုပ်ဆောင်ကြမည်ဖြစ်သည်။ အဆိုပါအာဆီယံအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးထိခိုက်မှုများကိုကုစားနိုင်ရန် ကိုဗစ်နိုင်တင်း စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး၊ ကုန်သွယ်မှုများလွယ်ကူချောမွေ့စေရန်နှင့် အရေးကြီးကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေးအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများကိုဖယ်ရှားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဆိုပါဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်း ကုန်သွယ်မှုလုပ်ငန်းစဉ်များကို ပိုမို လွယ်ကူစေရန် ဆောင်ရွက်မည်ဖြစ်သည်။ ဆေးဝါးပစ္စည်းတင်သွင်းမှုအတွက် သွင်းကုန်လိုင်စင်များနှင့် ထောက်ခံချက်ရယူခြင်း များကို ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိသည်။ ပို့ကုန်တင်ပို့ခြင်းအတွက် မလိုအပ်သောလုပ်ငန်းစဉ်များကို ဖယ်ရှားနိုင်ရန် စီစဉ်လျက်ရှိသည်။

အာဆီယံနိုင်ငံအသီးသီးမှ စီးပွားရေးဆိုင်ရာဝန်ကြီးများသည် ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဆက်လက်တည်တံ့စေရန် နိုင်ငံအသီးသီး၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် ဆက်လက်ဖွင့်လှစ်ထားကြရန်၊အစားအသောက်နှင့် ကုန်စည်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအတွက် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို ဖြေလျှော့ရန်သဘောတူခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/140028.html

## စင်ကာပူနှင့်တရုတ်နိုင်ငံအကြား လုပ်ငန်းပိုင်းဆိုင်ရာ ခရီးသွားလာမှုကို ဇွန်လ ၈ ရက်နေ့မှစ၍ ခွင့်ပြုသွားမည်

စင်ကာပူတွင် COVID-19 ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့သော Circuit Breaker ကာလ ကုန်ဆုံးသည့် ဇွန်လ ၁ ရက်နေ့နောက်ပိုင်း နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို အဆင့်လိုက် ဖြေလျှော့ခွင့်ပြု သွားမည်ဖြစ်ရာ ပထမအဆင့်တွင် နိုင်ငံ၏စီးပွားရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်းအထိသည် လုပ်ငန်းများပြန်လည် ဆောင်ရွက်လျက်

ရှိပြီဖြစ်ပါသည်။ ထိုသို့ဖြေလျှော့မှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စင်ကာပူနိုင်ငံသားများနှင့် စင်ကာပူတွင်နေထိုင်သူများအတွက် နိုင်ငံဖြတ်ကျော်၍ ပြည်ပတွင် အရေးကြီးသောလုပ်ငန်းပိုင်း ဆိုင်ရာဆောင်ရွက်ချက်များ ပြုလုပ်သွားနိုင်စေရန် အများပြည်သူ၏ ကျန်းမာရေးအကာ အကွယ်ပေးမှုအစီအမံများကိုကျင့်သုံးလျက် ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ပထမဆုံးအနေဖြင့် စင်ကာပူနှင့် တရုတ်နိုင်ငံရှိ စီရင်စု/မြူနီစီပယ် (၆) ခု တို့အကြား အရေးကြီးဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းပိုင်း ခရီးစဉ်များအတွက် "Fast Lane" အစီအစဉ်ဖြင့် အပြန်အလှန်သွားလာခွင့်ရရှိရန် သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ ဤအစီအစဉ်ဖြင့် စင်ကာပူသို့ ဝင်ရောက်လိုသူများသည် ၎င်းတို့အား အာမခံပေးမည့် အစိုးရဌာနများမှတစ်ဆင့် ဇွန်လ ၈ ရက်နေ့မှစ၍ လျှောက်ထားနိုင်မည်ဖြစ်သော်လည်း ကုမ္ပဏီများ၏အာမခံချက်ဖြင့် စင်ကာပူသို့ဝင်ရောက်လိုသူများကိုမူ နောက်ပိုင်းမှသာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စင်ကာပူနှင့် အပြန်အလှန်သွားလာခွင့်ရရှိမည့် တရုတ်နိုင်ငံရှိ စီရင်စု/မြူနီစီပယ် (၆) ခုမှာ Chongqing ၊ Guangdong ၊ Jiangsu ၊ Shanghai ၊ Tianjin နှင့် Zhejiang တို့ဖြစ်ကြပြီး၊ တရုတ်နိုင်ငံ၏ အခြားစီရင်စုများသို့ တဖြည်းဖြည်း တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ အလားတူ စင်ကာပူသည် အခြားနိုင်ငံများ/ ဒေသများနှင့် ယခုကဲ့သို့ "Fast Lane" အစီအစဉ်ကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်းဖော်ပြထားပါသည်။

ဤအစီအစဉ်သည် နှစ်နိုင်ငံအကြား ခရီးသွားလာမည့်သူများအတွက် အသွားအလာကန့်သတ်သည့်ကာလ (Quarantine) ၁၄ ရက် နေထိုင်ရန်မလိုအပ်ဘဲ၊ ခရီးသွားခွင့်ရရှိသော သူများသည် နိုင်ငံတွင်းမှ ထွက်ခွာခြင်းမပြုမီ PCR test ကို ၄၈ နာရီအတွင်း စစ်ဆေးမှုခံယူကာ COVID-19 ရောဂါကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်ကို ရယူရမည်ဖြစ်ကြောင်း၊ ရောဂါ စစ်ဆေးမှုစရိတ်များကို ခရီးသွားသူမှကျခံရမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်းသို့ ဆိုက်ရောက်လာ ချိန်တွင်လည်း မိမိစရိတ်ဖြင့် PCR test ကို ပြန်လည်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး၊ ဆေးစစ်ချက်အဖြေအတွက် ကြိုတင်အသိပေးထားသော တည်းခိုနေထိုင်မည့်နေရာတွင် ၂ ရက်အထိ သီးခြားနေထိုင်ရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါရှိကြောင်းစစ်ဆေး တွေ့ရှိရ ပါက ဆေးဝါးကုသမှုစရိတ်ကို ခရီးသွားလာသူက ကျခံရမည်ဖြစ်ကြောင်း၊ စင်ကာပူသို့ ဝင်ရောက်လာ သူသည် ၁၄ ရက်အတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုခွင့်မရှိဘဲ ကုမ္ပဏီ၏ယာဉ်နှင့် အငှားယာဉ်တို့ကိုသာ အသုံးပြုရမည်ဖြစ်ပြီး၊ နေထိုင်တဲ့ကာလအတွင်း TraceTogether App ကို အသုံးပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခုသဘောတူထားသော စီရင်စု/မြူနီစီပယ် (၆) ခုတွင် စင်ကာပူသို့ မထွက်ခွာလာမီ ၇ ရက်နေထိုင်ခဲ့ရမည်ဖြစ်ပြီး၊ စင်ကာပူမှ တရုတ်သို့ သွားရောက်သူများအနေဖြင့်လည်း အဆိုပါ စီရင်စု/မြူနီစီပယ် (၆) ခုတွင် ၁၄ ရက်နေထိုင်ပြီးမှသာ အခြားဒေသများသို့ ဆက်လက်သွားလာခွင့်ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဤကဲ့သို့ တရုတ်နိုင်ငံအား ပထမဆုံးရွေးချယ်ခဲ့ခြင်းမှာ တရုတ်နိုင်ငံသည် စင်ကာပူ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ စင်ကာပူသည် တရုတ်တွင် အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်ဖြစ်ပါကြောင်း၊ ဤအစီအစဉ်ဖြင့် အရေးပေါ်ဆောင်ရွက်ရန်လိုအပ်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၊ နည်းပညာရှင်များနှင့် အစိုးရဝန်ထမ်းများအတွက် သွားလာခွင့်ကို ဦးစားပေးခွင့်ပြုသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ရှင်းလင်းပြောကြားထားပါသည်။ စင်ကာပူ၏ လေကြောင်းပို့ဆောင်ရေး လုပ်ငန်းကဏ္ဍသည် စင်ကာပူ၏ GDP တွင် ၅ ရာခိုင်နှုန်းကျော်အထိ ပံ့ပိုးပေးလျက်ရှိပြီး၊ လုပ်သား ၁၉၂,၀၀၀ ခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားကြောင်းလည်း သိရှိရပါသည်။

**Source: Media Press, Ministry of Trade and Industry, Singapore/ The Straits Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 9th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 3,638 | 39,124,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 1,017 | 3,894,350 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 10 | 81,000 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,500 | 23,000 | 2,771 | 63,734,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 2,000 | 5,600,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 644 | 1,738,800 | 19,977,223 | 53,939 |


## Market summary

As of 9th Jun. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.26 | -0.23 | -0.05% | 446.65 | 455.77 | 445.96 | 10,080 | 114,172,150 | 6 | 665,510 |

### Index chart




# Market Overview

As of 1:00 pm, 9th Jun. 2020

| MYANPIX | 447.26 ▼ 0.23 |
|---|---|
| Total Volume (shares) | 10,080 |
| Total Value (MMK) | 114 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |